# နိုင်ငံတော်ကောင်စီဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၀]

## နိဒါန်း

နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေက အပ်နှင်းသော လုပ်ငန်းတာဝန်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျညီညွတ်စွာ ထမ်းဆောင်နိုင်စေရန် ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်ကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) လွှတ်တော်အဖွဲ့အစည်းများ ဆိုသည်မှာ လွှတ်တော်ရေးရာ ကော်မီတီများနှင့် လွှတ်တော်မှဖွဲ့စည်းထားသော ကော်မရှင်များ နှင့် ကော်မီတီများကိုဆိုသည်။

## အခန်း (၂)

## ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်

၃။ နိုင်ငံတော်ကောင်စီကို အခြေခံဥပဒေ ပုဒ်မ ၆၄ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၄။ (က) နိုင်ငံတော်ကောင်စီ၏သက်တမ်းသည် အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ နိုင်ငံတော်ကောင်စီဝင်များကို လွှတ်တော်က ရွေးချယ်တင်မြှောက်ဖွဲ့စည်းသည့်နေ့မှ စတင်သည်၊

(ခ) နိုင်ငံတော်ကောင်စီ၏ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့ရာတွင် အခြေခံဥပဒေပုဒ်မ ၇၂ အရ နိုင်ငံတော်ကောင်စီသည် နိုင်ငံတော်ကောင်စီအသစ် ရွေးချယ်တင်မြှောက်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၅။ နိုင်ငံတော်ကောင်စီကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းထားရှိသည်—

(က) အခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်မှု ရှိစေရေးအတွက် တာဝန်ယူဆောင်ရွက်ရန်၊

(ခ) လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့် အညီ နိုင်ငံတော်၏ အရေးကိစ္စအဝဝတို့နှင့် ပတ်သက်၍ မူဝါဒများ၊ လမ်းညွှန်မှုများကို တာဝန်ယူချမှတ်ပေးရန်၊

(ဂ) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များသည် ဥပဒေနှင့်ကိုက်ညီခြင်း မရှိပါက ပယ်ဖျက်ရန်၊

(ဃ) ဥပဒေ၊ နည်းဥပဒေများ၊ လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့် အညီ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်း အဖွဲ့အစည်းများအား လမ်းညွှန်ရန်၊ ကြီးကြပ်ကွပ်ကဲရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(င) နိုင်ငံ၏ အကျိုးစီးပွားအတွက် ပြည်နယ်နှင့် တိုင်းတို့မှ တိုင်းရင်းသား ပြည်သူကိုယ်စားလှယ်များပါဝင်၍ စုပေါင်း ဦးဆောင်ရန်နှင့်လွှတ်တော်၏ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်ရန်၊

(စ) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် ပြည်သူကောင်စီအဆင့်ဆင့်တို့ကို လွှတ်တော်နှင့်ပေါင်းကူးဆက်သွယ်ပေးရန်။

# အခန်း (၃)

## နိုင်ငံတော်ကောင်စီ၏လုပ်ငန်းတာဝန်များ

၆။ (က) အခြေခံ ဥပဒေ ပုဒ်မ ၆၄ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ရွေးချယ်တင်မြှောက် ထားသော နိုင်ငံတော် ကောင်စီဝင်များသည် ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ—

(၁) ဗဟို အာဏာပိုင် အဖွဲ့အစည်းအသီးသီးတွင် လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို သတ်မှတ်ပေးရမည်၊

(၂) ဝန်ကြီးအဖွဲ့တွင် ထားရှိရမည့် ဝန်ကြီးဌာနများကို သတ်မှတ်ပေးရမည်၊

(၃) ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီးကို လွှတ်တော်က ရွေးချယ်တင်မြှောက်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ ထဲမှ အမည်စာရင်းများကို လွှတ်တော်သို့ တင်သွင်းရမည်။

(၄) ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီးက မိမိတို့ အဖွဲ့ဝင် များထဲမှ ရွေးချယ်တင်မြှောက်လိုက်သော ဝန်ကြီးချုပ်နှင့် အဖွဲ့ဥက္ကဋ္ဌများ၏ အမည်များကိုလွှတ်တော်သို့တင်ပြရမည်၊

(၅) လွှတ်တော်ရေးရာ ကော်မီတီအသီးသီးတွင် လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို သတ်မှတ်၍ လွှတ်တော်က ရွေးချယ် တင်မြှောက်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမည်စာရင်းများကို လွှတ်တော်သို့တင်သွင်းရမည်၊

(ခ) အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ) တို့အရ ရွေးချယ် တင်မြှောက် ဖွဲ့စည်းထားသော နိုင်ငံတော်ကောင်စီသည် ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ—

(၁) ဝန်ကြီးအဖွဲ့တွင် လိုအပ်သည့် ဒုတိယဝန်ကြီးချုပ်ဦးရေကို သတ်မှတ်ပေးရမည်၊

(၂) ဝန်ကြီးချုပ်၏ တာဝန်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ အမည်များနှင့် ဝန်ကြီးဌာနများကို လွှတ်တော်သို့ တင်ပြရမည်၊

(၃) လွှတ်တော်ရေးရာ ကော်မီတီဝင်များကို လွှတ်တော်ရေးရာ ကော်မီတီအလိုက် တာဝန်ခွဲဝေဖွဲ့စည်းရမည်၊

(၄) လွှတ်တော်ရေးရာ ကော်မီတီများတွင် တာဝန်ယူဦးဆောင်ရမည့် အတွင်းရေးမှူးအသီးသီးကို သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီဝင်များထဲမှ ရွေးချယ်တာဝန်ပေးအပ်ရမည်၊

(၅) ဖွဲ့စည်းပြီးသော လွှတ်တော်ရေးရာ ကော်မီတီများကို လွှတ်တော်သို့တင်ပြရမည်၊

(၆) နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးရာကော်မီတီတွင် ပါဝင်ရန် လိုအပ်သော နိုင်ငံတော် ကောင်စီဝင် ၄ ဦး၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ (က) အပိုဒ်(၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမည်။ ယင်းသို့တင်သွင်းရာတွင် ရာထူးအလျောက် ပါဝင်ရမည့် ဝန်ကြီးအဖွဲ့ဝင်များ၏ အမည်စာရင်းကိုလည်း တင်ပြရမည်၊

(၇) ကော်မီရှင်များ၊ ကော်မီတီများကို လွှတ်တော်က လိုအပ်သလို ဖွဲ့စည်းနိုင်ရန် လွှတ်တော်သို့တင်သွင်းရမည်။

၇။ နိုင်ငံတော်ကောင်စီသည်—

(က) ဝန်ကြီးအဖွဲ့က တင်သွင်းသော ဒုတိယ ဝန်ကြီးများ အဖြစ် တာဝန်ပေးအပ်ရန် သင့်လျော်သော လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို စိစစ်၍ ခန့်ထားနိုင်သည်။ ယင်းပုဂ္ဂိုလ်တဦးဦးကို တာဝန်မှ ရပ်စဲခြင်းလည်း ပြုလုပ်နိုင်သည်၊

(ခ) ဝန်ထမ်းအဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် သံတမန်များကို တာဝန်ပေး ခန့်အပ်နိုင်သည်။ ယင်းပုဂ္ဂိုလ် တဦးဦးကို တာဝန်မှ ထုတ်ပယ်ခြင်းလည်းပြုလုပ်နိုင်သည်။

၈။ နိုင်ငံတော်ကောင်စီသည် —

(က) ဝန်ထမ်းများကို ရွေးချယ်လေ့ကျင့်ပေးရေးအတွက် အဖွဲ့တရပ်ကို ဖွဲ့စည်းစေ၍ အဖွဲ့၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တာဝန်ပေးခန့်အပ်ခြင်း၊ ရပ်စဲခြင်းပြုလုပ်နိုင်သည်၊

(ခ) ဝန်ထမ်းများ ရွေးချယ် လေ့ကျင့်ပေးရေးနှင့် ပတ်သက်၍ လမ်းညွှန် မူဝါဒများချမှတ်ပေးခြင်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများသတ်မှတ်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။

၉။ နိုင်ငံတော်ကောင်စီသည်—

(က) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းများအား အောက်ပါအချက်များကို အခြေခံ၍ ဆောင်ရွက်စေရန် လမ်းညွှန်၊ ကြီးကြပ်၊ ကွပ်ကဲ၊ ပေါင်းစပ်ညှိနှိုင်းပေးရမည်—

(၁) ဆိုရှယ်လစ်လူ့ဘောင် တည်ဆောက်ရေးကို ဦးတည်ရေး၊

(၂) ပြည်သူ့အကျိုးစီးပွားအတွက် ဖြစ်စေရေး၊

(၃) လုပ်ငန်းများကို အကျိုးရှိဆုံး၊ အထိရောက်ဆုံး၊ အကျွမ်းကျင်ဆုံး နည်းများဖြင့် အကောင်အထည်ဖော်စေရေး၊

(၄) လုပ်ငန်းများကို အချိန်ဖြုန်းတီးမှုမရှိပဲ အမြန်ဆုံးအကောင်အထည်ဖော်စေရေး၊

(၅) ဖြုန်းတီးမှုများ၊ ယိုဖိတ်မှုများ မရှိစေရေး၊

(၆) အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းများ တခုနှင့်တခု မထပ်စေရေး၊

(ခ) ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေး၊ ဝန်ထမ်းများ ခန့်ထားရေးနှင့်ပတ်သက်၍ အောက်ပါအချက်များကို အခြေခံ၍ ဆောင်ရွက်ရမည်—

(၁) နိုင်ငံတော်၏ကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် လိုအပ်သော ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေး၊

(၂) ဝန်ထမ်း အဖွဲ့အစည်းများ၌ ပါဝင် ထမ်းဆောင်ရမည့် ဝန်ထမ်းများ၏ အရည်အချင်းနှင့် အရေအတွက်တို့သည် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန် အသီးသီးနှင့် အံဝင်ခွင်ကျ ဖြစ်စေရေး၊

(၃) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းနှင့် လည်းကောင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်လည်းကောင်း အံဝင်ခွင်ကျ ဖြစ်စေရေး၊

(ဂ) ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ လမ်းညွှန်မူဝါဒ ချမှတ်ပေးပြီး ယင်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ အင်အားများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်စိစစ်ရမည်၊

(ဃ) သီးသန့်ရုံးပုံငွေဖြင့် ဖွဲ့စည်းဆောင်ရွက်သော အဖွဲ့အစည်းများ ဖွဲ့စည်းရေးကိုလည်းကောင်း၊ ယင်းအဖွဲ့အစည်းများဆိုင်ရာ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများ နှင့် စပ်လျဉ်း၍ အခြေခံ လမ်းညွှန်ချက်များကိုလည်းကောင်း ဝန်ကြီးအဖွဲ့သို့ ချမှတ်ပေးရမည်၊

(င) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းများနှင့် ဝန်ထမ်းအဖွဲ့ အစည်းများက ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသည့်

အတိုင်း ဆောင်ရွက်စေရန် အောက်ပါ နည်းလမ်းများကို ကျင့်သုံးနိုင်သည်—

(၁) ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ပြည်သူ့ကောင်စီများနှင့် ဖြစ်စေ ပတ်သက်သည့် ဥပဒေများ၊ နည်းဥပဒေများအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်စိစစ်၍ ပြင်ဆင်ရန် လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် နည်းဥပဒေများကို ပြင်ဆင်နိုင်ရန်လွှတ်တော်သို့ တင်ပြခြင်း၊ ဥပဒေများ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ အဓိပ္ပာယ်ဖွင့်ဆို၍ညွှန်ကြားချက်များ၊ အမိန့်များ၊ ရှင်းလင်းချက်များ ထုတ်ပြန်ခြင်း၊

(၂) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း များနှင့် ဝန်ထမ်း အဖွဲ့အစည်းများက လိုက်နာ ရမည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ စံနှုန်းများနှင့် ပတ်သက်သော အခြေခံမူဝါဒများကို ချမှတ် လမ်းညွှန်ပေးခြင်း၊

(၃) ဗဟိုအာဏာပိုင် အဖွဲ့အစည်းတခုနှင့်တခု ဆက်သွယ်ပုံနည်းစနစ်များနှင့် မည်သည့် အရေးကိစ္စများတွင် မည်သို့မည်ပုံ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရမည်ကို ဗဟို အာဏာပိုင် အဖွဲ့အစည်းများက ကျင့်သုံးနိုင်စေရန်အခါအားလျော်စွာ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

(၄) ဗဟို အာဏာပိုင် အဖွဲ့အစည်း အချင်းချင်းတွင် သော်လည်းကောင်း၊ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများတွင် သော်လည်းကောင်း ယင်းအဖွဲ့အစည်း အသီးသီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို လက်တွေ့ ကျင့်သုံးထမ်းဆောင်ရာ၌ တာဝန်ခွဲဝေမှု မရှင်းလင်းပဲ ဖြစ်နေလျှင် သို့မဟုတ် တာဝန်သတ်မှတ်မှုထပ်နေလျှင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်း သတ်မှတ်ပေးသည့် အမိန့်များ ထုတ်ပြန်ခြင်း သို့မဟုတ်

ပတ်သက်နေသော အဖွဲ့အစည်း အချင်းချင်း ညှိနှိုင်း၍ ဖြေရှင်းရန် ညွှန်ကြားခြင်း၊

(၅) ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၏ လုပ်ဆောင်ချက်များတွင် ပြုန်းတီးမှုများ သို့မဟုတ် ယိုဖိတ်မှုများရှိသည်ကို သိရှိပါက သက်ဆိုင်ရာ အဖွဲ့အစည်းများအား ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးရန် ညွှန်ကြားခြင်း၊

(၆) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်း အဖွဲ့အစည်းများအား ခွင့်ပြုထားသော လူအင်အား၊ ငွေကြေးနှင့် ပစ္စည်းများကို စနစ်တကျနှင့် ထိရောက်စွာ အသုံးပြုခြင်း ရှိ မရှိနှင့် ပတ်သက်ပြီး ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့က အခါအား လျော်စွာ တင်ပြသော အစီရင်ခံစာများကို စိစစ်၍ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊ လမ်းညွှန်ခြင်း၊

(၇) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများထံမှ အချိန်မှန် အစီရင်ခံစာများကို လည်းကောင်း၊ အကြောင်းကိစ္စတရပ်ရပ်၊ ပြဿနာတရပ်ရပ်နှင့် ပတ်သက်၍ လိုအပ်သည့်အခါတိုင်း အထူး အစီရင်ခံစာကိုလည်းကောင်း တင်ပြရန် ညွှန်ကြားခြင်း၊

(၈) အခြေအနေတရပ်ရပ်၊ ပြဿနာတရပ်ရပ်၊ လုပ်ငန်းတာဝန်တရပ်ရပ်၊ အကြောင်းကိစ္စ တရပ်ရပ်ကို ဆောင်ရွက်ဖြေရှင်းနိုင်ရန် ဗဟိုအာဏာပိုင် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်း ဆောင်ရွက်စေရန် ညွှန်ကြားခြင်း၊

(၉) ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လွှတ်တော်တွင် လွှတ်တော် ကိုယ်စားလှယ်များက တင်ပြလာလျှင် လွှတ်တော်၏ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းသို့ပေးပို့၍ လိုအပ်သလို အရေးယူဆောင်ရွက်စေခြင်း၊

(၁၈) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအသီးသီး နှင့် ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၏ ကိုယ်စားလှယ်များ ကို ခေါ်ယူဆွေးနွေး မေးမြန်းခြင်း၊ ညှိနှိုင်းပေါင်းစပ် ပေးခြင်း။

၁၀။ လွှတ်တော်နှင့်စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီ၏ လုပ်ငန်းတာဝန်များ မှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်အစည်းအဝေး တခုနှင့်တခုအကြား လွှတ်တော် ၏ ဆုံးဖြတ်ချက်များနှင့်အညီ နိုင်ငံတော်၏ အရေးကိစ္စ အဝဝတို့နှင့်ပတ်သက်၍ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများက လိုက်နာ ရမည့်မူဝါဒများ၊ လမ်းညွှန်မှုများကို ချမှတ်ပေးခြင်း၊

(ခ) လွှတ်တော်၏ ပုံမှန်အစည်းအဝေးများကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ ခေါ်ယူခြင်း၊

(ဂ) လွှတ်တော်၏ အထူးအစည်းအဝေးများ သို့မဟုတ် အရေး ပေါ်အစည်းအဝေးများကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ခေါ် ယူခြင်း၊

(ဃ) နိုင်ငံတော်တွင် အရေးပေါ်အခြေအနေ ပေါ်ပေါက်သော ကြောင့် လွှတ်တော်အစည်းအဝေးသို့ အစည်းအဝေးအထ မြောက်ရန် လိုအပ်သော လွှတ်တော် ကိုယ်စားလှယ်ဦးရေ မတက်ရောက်နိုင်လျှင် လွှတ်တော်၏ လုပ်ငန်းရပ်များကို ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ လွှတ် တော် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များနှင့် အခြားတက် ရောက်နိုင် သမျှသော လွှတ်တော် ကိုယ်စားလှယ် များ စုပေါင်း၍ လွှတ်တော်၏ကိုယ်စား တာဝန်ယူဆောင်ရွက် ခြင်း၊ လွှတ်တော် အစည်းအဝေးခေါ်ယူကျင်းပရန် အခြေ အနေပေးလျှင်ပေးချင်း လွှတ်တော်အစည်းအဝေး ခေါ်ယူ ကျင်းပကာ လွှတ်တော်၏ကိုယ်စား ဆောင်ရွက်ချက်များကို တင်ပြအတည်ပြုချက် ရယူခြင်း၊

(င) လွှတ်တော်၏ ဆုံးဖြတ်ချက်များကို ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ ထပ်ဆင့် ချမှတ်ပေးခြင်းနှင့် ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက တင်ပြလာသည့် အချက်အလက်များ၊ အကြံဉာဏ်များ၊ အဆိုပြုချက်များကို စိစစ်သုံးသပ်၍ လွှတ်တော်သို့ ဆက်လက်တင်ပြခြင်း၊

(စ) လွှတ်တော် အဖွဲ့အစည်းတခုခု၏ အစည်းအဝေး ကျင်းပချိန်တွင် ယင်းအဖွဲ့အစည်း၌ပါဝင်သော လွှတ်တော် ကိုယ်စားလှယ်တဦးဦးအား ဖမ်းဆီးနိုင်ရေးအတွက် ခွင့်ပန်လာသည့်အခါ အဆုံးအဖြတ်ပေးခြင်း၊

(ဆ) လွှတ်တော် ကိုယ်စားလှယ်တဦးသည် မိမိ၏ တာဝန်မှနုတ်ထွက်လိုလျှင် နုတ်ထွက်လွှာကို လက်ခံ၍ နုတ်ထွက်ခွင့်ပြုခြင်း၊

(ဇ) လွှတ်တော်ရေးရာ ကော်မီတီများ၏ လုပ်ငန်းများကို ညှိနှိုင်းပေးခြင်း၊ လွှတ်တော်မှ ချမှတ်လိုက်သော ဆောင်ရွက်ရမည့်လုပ်ငန်းကိုသက်ဆိုင်ရာ ရေးရာကော်မီတီသို့ ထပ်ဆင့် ပေးပို့ခြင်း၊ ရေးရာကော်မီတီအသီးသီးမှ တင်ပြလာသော အချက်အလက်များ၊ အကြံပေးချက်များ၊ အဆိုပြုချက်များကိုစိစစ်သုံးသပ်၍ လွှတ်တော်သို့တင်ပြခြင်း၊

(ဈ) လွှတ်တော်၏သက်တမ်းကို တကြိမ်လျှင် ၆ လ ထားဖြင့် ၃ ကြိမ်အထိ တိုးမြှင့်ရန်လိုအပ်ပါက လွှတ်တော်သို့တင်ပြခြင်း၊

(ည) လွှတ်တော်က ဆုံးဖြတ်သည့်အခြားလုပ်ငန်း တာဝန်များကို တာဝန်ယူ ဆောင်ရွက်ခြင်း။

၁၁။ ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မိမိသဘောအလျောက် လိုအပ်သည်ဟု ယူဆသော ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို အခြေခံဥပဒေနှင့်အညီ လွှတ်တော်သို့ တင်သွင်းခြင်း၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများက တင်သွင်းသော ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို လက်ခံ၍ သက်ဆိုင်ရာ လွှတ်တော် ရေးရာကော်မီတီ များ၏ သဘောထားများ၊ မှတ်ချက်များ၊အကြံပေးချက်များကို တောင်းခံရယူစိစစ်ခြင်း၊

(ဂ) မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ လူထုလူတန်းစား ဗဟို အဖွဲ့အစည်းများ၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီများ၊ ဗဟိုအာဏာပိုင် အဖွဲ့ဝင်မဟုတ်သော လွှတ်တော် ကိုယ်စား လှယ်များက တင်သွင်းသော ဥပဒေကြမ်းများကို လက်ခံ၍ သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ လွှတ်တော် ရေးရာကော်မီတီများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက်များကို တောင်းခံရယူခြင်း၊

(ဃ) ဥပဒေကြမ်းတရပ် သို့မဟုတ် နည်းဥပဒေကြမ်းတရပ်အပေါ် တွင် ပြည်သူ့ဆန္ဒနှင့်သဘောထားများကို ရယူတောင်းခံရန် လိုအပ်လျှင် ပြဋ္ဌာန်းထားသော နည်းလမ်းများဖြင့် ပြည်သူ့ ဆန္ဒနှင့် သဘောထားများကို တောင်းခံရယူခြင်း၊

(င) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လွှတ်တော်ရေးရာ ကော်မီတီများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံ ပေးချက်များကို လည်းကောင်း၊ ပြည်သူ့ဆန္ဒ သဘောထား များကို လည်းကောင်း အခြေခံ၍ ဥပဒေကြမ်းများ၊ နည်း ဥပဒေကြမ်းများကို ပြင်ဆင်ရေးဆွဲခြင်း၊

(စ) ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်း များ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက် များကိုရယူစိစစ်ပြီးနောက် လွှတ်တော်သို့ တင်သွင်းခြင်း၊

(ဆ) ဥပဒေကြမ်းတရပ် သို့မဟုတ် နည်းဥပဒေကြမ်း တရပ်ကို လွှတ်တော်သို့ တင်သွင်းရာ၌ မိမိ၏ သဘောထားနှင့် ကွဲလွဲ မှုများပါရှိလျှင် ယင်းသို့ ကွဲလွဲသောသဘောထား မှတ်ချက် များနှင့် အတူ လွှတ်တော်သို့ တင်ပြ၍ အဆုံး အဖြတ်ရ ယူခြင်း၊

(ဇ) ရှိရင်းစွဲ ဥပဒေများ၊ နည်းဥပဒေများကို အခြေခံ ဥပဒေနှင့် လိုက်လျောညီထွေ ရှိစေရန် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ကို မိမိသဘောအလျောက် ဖြစ်စေ၊ သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများကတင်ပြလာသည့် အခါဖြစ်စေ အခြား ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီများအား စိစစ်ဆောင်ရွက်စေပြီး လွှတ်တော်သို့တင်သွင်း၍ အဆုံးအဖြတ်ရယူခြင်း၊

(ဈ) ရှိရင်းစွဲစည်းမျဉ်း ဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို အခြေခံဥပဒေနှင့် လိုက်လျောညီထွေ ရှိစေရန်ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ကို မိမိသဘော အလျောက်ဖြစ်စေ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း ဘရပ်ရပ်က တင်ပြလာသည့် အခါဖြစ်စေ လိုအပ်သလိုစိစစ်ဆောင်ရွက်ခြင်း။

၁၂။ နိုင်ငံတော်ကောင်စီသည်----

(က) အခြေခံဥပဒေ၏ အခြေခံမူများ၊ အနှစ်သာရများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ၊ တာဝန် ဝတ်တရားများနှင့် အခြေခံ ဥပဒေတွင်ပါရှိသော အခြားပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရမည်၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်း အဖွဲ့အစည်းများအား အခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်စေရန် တာဝန်ယူရမည်၊

(ဂ) အခြေခံဥပဒေအရ နိုင်ငံသားတဦးဦး၏ လွတ်လပ်ခွင့်နှင့်ရပိုင်ခွင့်များ ထိပါးဆုံးရှုံးကြောင်း တင်ပြလာလျှင် လိုအပ်အဆို အရေးယူဆောင်ရွက်ပေးရမည်။

၁၃။ (က) နိုင်ငံတော်ကောင်စီသည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်း မရှိသောဆုံးဖြတ်ချက်များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများ နှင့် ဆောင်ရွက်ချက်များကို လိုအပ်သလို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် ရုပ်သိမ်းရန် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ လိုအပ်သော အမိန့်များကိုရေးဆွဲ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများက လိုက်နာစေရန် ထုတ်ပြန်ရမည်၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်က ထုတ်ပြန်သော ဆုံးဖြတ်ချက်၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းဖြစ်စေ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်က ထုတ်ပြန်သော ဆုံးဖြတ်ချက်၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းဖြစ်စေ၊ ဗဟို သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်၏ ဆောင်ရွက်ချက်ဖြစ်စေ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီခြင်း မရှိကြောင်း တင်ပြလာပါက သို့မဟုတ် တွေ့ရှိရပါက၊ နိုင်ငံတော်ကောင်စီသည် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာလွှတ်တော်ရေးရာ ကော်မီတီများ၏ သဘောထား မှတ်ချက်များကို တောင်းခံပြီးလျှင် ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီခြင်း ရှိ မရှိကို ဆုံးဖြတ်ရမည်။ ကိုက်ညီခြင်းမရှိပါက ပယ်ဖျက်ရမည်။

၁၄။ (က) နိုင်ငံတော်ကောင်စီသည် ဥပဒေနှင့် နည်းဥပဒေများကိုအနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အောက်ပါတို့ကို အခြေခံရမည်—

(၁) အခြေခံဥပဒေ၏ အခြေခံမူများ၊ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီစေရန်၊

(၂) နိုင်ငံတော်က ကျင့်သုံး နေသော ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီစေရန်၊

(၃) ပြည်သူ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်စေရန်၊

(၄) ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေနှင့် ကိုက်ညီစေရန်၊

(၅) အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်များ တညီတညွတ်တည်းဖြစ်စေရန်၊

(၆) အများပြည်သူ နားလည်နိုင်ရေးအတွက် တိကျပြတ်သားရှင်းလင်းစေရန်၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်က သော်လည်းကောင်း၊ ပြည်သူ့ကောင်စီ အဆင့်ဆင့်မှ တဆင့် ပြည်သူများက သော်လည်းကောင်း၊ လူထုလူတန်းစား ဗဟိုအဖွဲ့အစည်းများက သော်လည်းကောင်း၊ ပြည်သူ ကိုယ်စားလှယ်များက သော်လည်းကောင်း အခြေခံဥပဒေမှအပအခြားရှိရင်းစွဲဥပဒေ၊ နည်းဥပဒေ တရပ်ရပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်ပြလာပါက နိုင်ငံတော် ကောင်စီသည် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့်သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မိတီများ၏ သဘောထား မှတ်ချက်များကို တောင်းခံ၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးရမည်၊

(ဂ) နိုင်ငံတော်ကောင်စီသည် အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်များကို နိုင်ငံတော်ပြန်တမ်းတွင် အများပြည်သူ သိရှိနိုင်ရန်ထုတ်ပြန်ကြေညာရမည်၊

(ဃ) နိုင်ငံတော်ကောင်စီ၏ အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်သည်အပြီးအပြတ်အတည်ဖြစ်စေရမည်။

၁၅။ နိုင်ငံခြားဆက်ဆံရေးနှင့် ပတ်သက်၍ နိုင်ငံတော် ကောင်စီ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်က ကျင့်သုံးသည့် နိုင်ငံခြားရေး ဝါဒကိုသက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်းများက အကောင်အထည် ဖော်

ဆောင်ရွက်ခြင်းနှင့် ပတ်သက်ပြီး လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့်အညီ လေ့လာစိစစ်၍ လိုအပ်သလိုလမ်းညွှန်ခြင်း၊

( ခ ) လွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတကာနှင့်စာချုပ်များကိုချုပ်ဆိုခြင်း၊

( ဂ ) နိုင်ငံတကာနှင့် ချုပ်ဆိုထားသော တည်ဆဲစာချုပ်များကို ပယ်ဖျက်ရန် သို့မဟုတ် စာချုပ်မှနုတ်ထွက်ရန် လိုအပ်သည့်အခါ လွှတ်တော်၏ အတည်ပြုချက်ကိုရယူပြီး ယင်းကဲ့သို့ ချုပ်ဆိုထားသော စာချုပ်တရပ်ရပ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် စာချုပ်မှနုတ်ထွက်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် အခြားနိုင်ငံတနိုင်ငံ ချုပ်ဆိုသော သဘောတူညီချက်များနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

( င ) နိုင်ငံတော်နှင့် အခြားနိုင်ငံများ သံတမန်ဆက်သွယ်ခြင်း၊ ဖြတ်တောက်ခြင်း များနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

( စ ) နိုင်ငံတော်သို့ နိုင်ငံခြားသံတမန်များ ခန့်အပ်စေလွှတ်ရန်အဆိုပြုချက်များနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

(ဆ) နိုင်ငံတော်သို့ ခန့်အပ်စေလွှတ်ထားသော နိုင်ငံခြား သံတမန်များကို ပြန်လည်ခေါ်ယူရေးအတွက် သက်ဆိုင်ရာအစိုးရသို့ အကြောင်းကြားရန် လိုအပ်သည့်အခါအဆုံးအဖြတ်ပေးခြင်း၊

( ဇ ) နိုင်ငံခြားခေါင်းဆောင်များ၊ သံတမန်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်ပေးအပ်လိုလျှင်သော်လည်းကောင်း၊ အခြားနိုင်ငံများ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများက နိုင်ငံတော်၏ခေါင်းဆောင်များ၊ သံတမန်များ၊ အခြားဝန်ထမ်းများအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ပေးအပ်လာသည့်အခါတွင် သော်လည်းကောင်း အဆုံးအဖြတ်ပေးခြင်း၊

(ဈ) နိုင်ငံခြားသားများအားနိုင်ငံရေးခိုလှုံခွင့်ပေးခြင်းနှင့်ပတ်သက်၍ ဝန်ကြီးအဖွဲ့၏တင်ပြချက်များကို အဆုံးအဖြတ်ပေးခြင်း၊

(ည) နိုင်ငံခြား ဆက်ဆံရေးနှင့်ပတ်သက်၍ လိုအပ်သည်ဟုယူဆသော လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ဝန်ကြီးအဖွဲ့သို့ချမှတ်ပေးခြင်း။

၁၆။ (က) နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၄ နှင့်အညီ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို ပြဋ္ဌာန်းနိုင်သည်၊

(ခ) (၁) နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်ထားသော ဥပဒေကဲ့သို့ အာဏာ တည်သည့် အမိန့်တရပ်ရပ်ကို ရက်ပေါင်းကိုးဆယ်အတွင်းကျင်းပသော အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရမည်။ လွှတ်တော် အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပ၍ အတည်ပြုချက်ရယူရမည်၊

(၂) ယင်းအမိန့်ကို လွှတ်တော်ကပယ်ဖျက်ပါက ပယ်ဖျက်သည့်နေ့တွင်ပင် ပျက်ပြယ်စေရမည်။

(၃) အမိန့်မပျက်ပြယ်မီ ယင်းအမိန့်အရ လုပ်ဆောင်ပြီးစီးခဲ့သမျှသည် တရားဝင်အတည် ဖြစ်စေရမည်။

၁၇။ နိုင်ငံတော်ကောင်စီသည်——

(က) နိုင်ငံ၏ ဒေသအချို့တွင် သော်လည်းကောင်း၊ နိုင်ငံတဝန်းလုံးတွင်သော်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင်အခြေခံဥပဒေပုဒ်မ ၇၆ နှင့်အညီ စစ်အုပ်ချုပ်ရေး ဥပဒေကိုထုတ်ပြန်နိုင်သည်။ လိုအပ်သောစစ်စည်းရုံးခြင်းကိုလည်းပြုလုပ်နိုင်သည်။ ယင်းဆောင်ရွက်ချက်ကို အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) နိုင်ငံတော်ကို ကျူးကျော် တိုက်ခိုက်ခြင်းခံရလျှင် လွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပရန် လုံးဝမဖြစ်နိုင်သည့် အခြေအနေမျိုးတွင် သေနာပတိချုပ်၊ လွှတ်တော်အစည်း အဝေးခေါ်ယူကျင်းပသည်အထိ စောင့်ဆိုင်းရန် အချိန်မရလျှင် သေနာပတိချုပ်ကြီး အခြေခံ ဥပဒေပုဒ်မ ၇၅ နှင့်အညီ စစ်ရေး အရ လိုအပ်သလိုဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်ကို အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့တင်ပြ၍ အတည်ပြု ချက်ရယူရမည်၊

(ဂ) လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်တွင် စစ်ကြေညာခြင်း သို့မဟုတ် စစ်ပြေငြိမ်းခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်သည်ဟု ယူဆပါက လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(ဃ) လွှတ်တော် အစည်းအဝေး ကျင်းပဆဲ မဟုတ်သောအချိန်တွင် စစ်ကြေညာခြင်း သို့မဟုတ် စစ်ပြေငြိမ်းခြင်းတို့ကို ဆောင် ရွက်ရန် လိုအပ်သည်ဟု ယူဆလျှင် ယင်းကိစ္စအတွက် လွှတ် တော်အရေးပေါ် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်၊

(င) နိုင်ငံတော် ကာကွယ်ရေးနှင့်ပတ်သက်၍ အခြေခံမူဝါဒများကို မိမိသဘောအလျောက် သေနာပတိချုပ်၊ ဝန်ကြီးအဖွဲ့ သို့မဟုတ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မီတီ၏ တင်ပြချက်အရ သေနာပတိချုပ် ဆုံးဖြတ်ချက်ချမှတ်၍ လိုအပ်သလိုလမ်းညွှန်နိုင်သည်။

၁၈။ နိုင်ငံတော်ကောင်စီသည်—

(က) ပြည်သူ့ကောင်စီတရပ်ရပ်ကို ရွေးချယ် တင်မြှောက်ရန် အခြေ အနေမရှိသေးလျှင် အခြေခံဥပဒေပုဒ်မ ၁၇၅ နှင့်အညီ ဆောင် ရွက်ရမည်၊

(ခ) ပြည်သူ့ကောင်စီတရပ်ရပ်ကို သက်တမ်း မကုန်ဆုံးမီဖျက်သိမ်း ခဲ့လျှင် အခြေခံဥပဒေ ပုဒ်မ ၁၇၃ နှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ နိုင်ငံတော် ကောင်စီသည် အောက်ပါအကြောင်း တရပ်ရပ်ကြောင့် လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီများ၏သက်တမ်းကို တကြိမ်လျှင် ၆ လ ဖြင့် ၃ ကြိမ်အထိ တိုးမြှင့်ပေးရန် လွှတ်တော်သို့ တင်ပြနိုင်သည်—

(က) နိုင်ငံတဝန်းလုံး သို့မဟုတ်နိုင်ငံ၏ ဒေသအချို့တွင် အရေးပေါ် အခြေအနေကြေညာထားခြင်း၊

(ခ) စစ်ဘေး အန္တရာယ်များကြောင့်သော်လည်းကောင်း၊ သဘာဝ ဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊လုံခြုံရေးအခြေ အနေများကြောင့် သော်လည်းကောင်း ရွေးချယ်တင်မြှောက် ပွဲကျင်းပရန်မဖြစ်နိုင်ခြင်း၊

(ဂ) လွှတ်တော်က ဖွဲ့စည်း တာဝန်ပေးအပ်ထားသောရွေးချယ် တင် မြှောက်ပွဲ ကျင်းပရေး ကော်မီရှင်ကနိုင်ငံတဝန်းလုံး သို့မဟုတ် နိုင်ငံ၏ဒေသအချို့တွင်ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရန် မဖြစ်နိုင်သည့်အခြေအနေ ရှိနေကြောင်း တင်ပြခြင်း။

၂၀။ နိုင်ငံတော်ကောင်စီသည် မိမိ သဘောအလျောက်သော် လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းတရပ်ရပ်၏ တင်ပြချက်အရ သော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြဋ္ဌာန်းခြင်း၊အပ်နှင်း ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုလုပ်နိုင်သည်။

၂၁။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်၏ဆုံးဖြတ်ချက်အရ သော်လည်း ကောင်း၊ မိမိ သဘောအရ သော်လည်းကောင်း၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်း တရပ်ရပ်မှ တင်ပြချက်အရ သော်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် ပေး နိုင်သည်။

၂၂။ နိုင်ငံတော်ကောင်စီသည် မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စုံစမ်းရေးအဖွဲ့များကို ဖွဲ့စည်းခြင်း၊ အခြားအဖွဲ့ အစည်းများကို ဖွဲ့စည်းခြင်း၊ ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ် ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။

**၂၃။ နိုင်ငံတော်ကောင်စီသည် လုပ်ငန်းသဘောအရလည်းကောင်း၊ အခြေအနေအရလည်းကောင်း မည်သည့်ပြည်သူကောင်စီနှင့်မဆို တိုက်ရိုက်ဆက်သွယ်နိုင်သည်။**

၂၄။ နိုင်ငံတော်ကောင်စီဝင်များ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပသို့ ခရီးထွက်ခွါခွင့်တောင်းခံခြင်းကို နိုင်ငံတော်ကောင်စီသည် လိုအပ်သလို လက်ခံစိစစ်၍ သဘောတူညီချက်ပေးနိုင်သည်။

## အခန်း (၄)

## နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ

၂၅။ နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များမှာအောက်ပါအတိုင်း ဖြစ်သည်—

(က) နိုင်ငံတော်ကောင်စီ အစည်းအဝေးများကို လိုအပ်သည့်အခါ ခေါ်ယူကျင်းပခြင်း၊

(ခ) နိုင်ငံတော် ကောင်စီ အစည်းအဝေး အစီအစဉ်များကို နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနှင့် ညှိနှိုင်းဆုံးဖြတ် အတည်ပြုခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီ အစည်းအဝေးများ၌ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(ဃ) နိုင်ငံတော် ကောင်စီဝင်များ၏ လုပ်ငန်းတာဝန်များကိုဦးဆောင်ညှိနှိုင်းပေးခြင်း၊

(င) လွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများ၊ နည်းဥပဒေများနှင့် ဆုံးဖြတ်ချက်များကို လက်မှတ်ရေးထိုး၍စုက်ပြန်ခြင်း၊

(စ) နိုင်ငံတော် ကောင်စီက ထုတ်ပြန်သော အမိန့်များကို လက်မှတ်ရေးထိုး၍ ထုတ်ပြန်ခြင်း၊

(ဆ) လွှတ်တော်သို့တင်ပြရန် လိုအပ်သည်ဟု ယူဆသည့်ကိစ္စရပ်များကို လွှတ်တော်သို့တင်ပြအစီရင်ခံခြင်း။

၂၆။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်ကောင်စီ၏ ဆန္ဒဖြင့်ပြည်ပသို့ ခရီးသွား နေချိန်တွင် နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးသည် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ တာဝန်ဝတ်တရားများကို ယာယီပူးတွဲ ထမ်းဆောင်ရမည်။

၂၇။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအဖြစ် အောက်ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်—

(က) နိုင်ငံတော်၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်ကို ကိုယ်စားပြုခြင်း၊

(ဂ) နိုင်ငံခြား သံအမတ်ကြီးများ၏ ခန့်အပ်လွှာကို လက်ခံခြင်း၊

(ဃ) နိုင်ငံတော်၏ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များကို နိုင်ငံတော်ကောင်စီ ကိုယ်စား ကြေညာခြင်း၊အပ်နှင်းခြင်း၊

(င) လိုအပ်သောသဝဏ်လွှာများ ပေးပို့ခြင်း၊

(စ) နိုင်ငံတော်အခမ်းအနားများတွင် ဦးဆောင်ခြင်း၊ လိုအပ်ပါက မိန့်ခွန်းများ မိန့်ကြားခြင်း။

## အခန်း (၅)

## နိုင်ငံတော်ကောင်စီအတွင်းရေးမှူး

၂၈။ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) နိုင်ငံတော်ကောင်စီ အစည်းအဝေး အစီအစဉ်များကို နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ၏ သဘော တူညီချက်ဖြင့်ရေးဆွဲခြင်း၊

(ခ) နိုင်ငံတော်ကောင်စီ အစည်းအဝေးများကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၏ သဘောတူညီမျက်ဖြင့် ခေါ်ယူကျင်းပခြင်း၊

(ဂ) နိုင်ငံတော် ကောင်စီ၏ ဆုံးဖြတ်ချက် များကို တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) လွှတ်တော်ရုံးနှင့် နိုင်ငံတော်ကောင်စီ ရုံးတို့ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(င) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌသည် တစုံတခုသော အကြောင်းကြောင့် ယာယီအားဖြင့် တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်သည့် အခါတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ တာဝန်ကို ယာယီ ပူးတွဲထမ်းဆောင်ခြင်း၊

( စ ) နိုင်ငံတော်ကောင်စီအား ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လည်းကောင်း၊ လွှတ်တော် အဖွဲ့အစည်းများနှင့် လည်းကောင်း ညှိနှိုင်းဆက်သွယ်ပေးခြင်း၊

(ဆ) အခြေခံဥပဒေပုဒ်မ ၇၇ အရ ဆောင်ရွက်ရန်လိုအပ်လျှင် စုစည်းနိုင်သမျှသော လွှတ်တော် ကိုယ်စားလှယ်များကို ဖိတ်ခေါ် စုစည်းခြင်း၊

( ဇ ) နိုင်ငံတော်ကောင်စီမှ ဆုံးဖြတ်ရန် လိုအပ်သည်ဟု ယူဆသော ကိစ္စရပ်များကို တင်ပြခြင်း၊

( ဈ ) နိုင်ငံတော် ကောင်စီ၏ ဆောင်ရွက်ချက်များကို လွှတ်တော် အစည်းအဝေးများသို့ အစီရင်ခံနိုင်ရန် လိုအပ်သလို စီစဉ် ဆောင်ရွက်ခြင်း၊

(ည) နိုင်ငံတော် ကောင်စီက ပေးအပ်သော အခြား တာဝန်များကို ဆောင်ရွက်ခြင်း။

၂၉။ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးသည် အကြောင်း တစုံတရာကြောင့် ယာယီအားဖြင့် တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်လျှင် နိုင်ငံတော် ကောင်စီဝင်များသည် ဝန်ကြီးချုပ်မှအပ မိမိတို့အထဲမှ တဦးဦးအား နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၏ တာဝန်ကို ယာယီပူးတွဲထမ်းဆောင်စေရန် ရွေးချယ် တာဝန် ပေးအပ်ရမည်။

# အခန်း (၆)

## နိုင်ငံတော်ကောင်စီဝင်များအား တာဝန်ခွဲဝေသတ်မှတ်ပေးခြင်း

၃၀။ နိုင်ငံတော် ကောင်စီက တာဝန်ယူမည့် ကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံတော်ကောင်စီဝင်များအား အောက်ပါ ကဏ္ဍအသီးသီးအလိုက် လေ့လာတင်ပြနိုင်ရန် ခွဲဝေတာဝန်ပေးအပ်ရမည်—

(က) စီးပွားရေးရာ ကဏ္ဍ၊

(ခ) လူမှုရေးရာ ကဏ္ဍ၊

(ဂ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာ ကဏ္ဍ၊

(ဃ) တရားဥပဒေရေးရာ ကဏ္ဍ၊

(င) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးရာ ကဏ္ဍ။

၃၁။ (က) ကဏ္ဍအလိုက် တာဝန်ယူလေ့လာရမည့် နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့ကဏ္ဍနှင့်ပတ်သက်၍ မူဝါဒ ချမှတ်သင့်သည့် ကိစ္စရပ်များ၊ အကောင်အထည်ဖော်သင့်သည့် လုပ်ငန်းရပ်များနှင့် အခြား အကြံပေးချက် များကို နိုင်ငံတော် ကောင်စီသို့ တင်ပြအထောက်အကူ ပြုရမည်၊

( ခ ) စီးပွားရေးရာ ကဏ္ဍတွင် ဘဏ္ဍာရေး၊ အမျိုးသား စီမံကိန်း၊ သမဝါယမ၊ လယ်ယာနှင့် သစ်တောရေးရာ၊ကုန်သွယ်ရေးရာ၊ စက်မှုလက်မှု နှင့် သယံဇာတပစ္စည်းရေးရာ၊ ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးရာ၊သိပ္ပံနှင့် နည်းပညာရေးရာ တို့ကို လေ့လာရမည်၊

( ဂ ) လူမှုရေးရာ ကဏ္ဍတွင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသား လူမျိုးများ ရေးရာတို့ကိုလေ့လာရမည်၊

( ဃ ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကဏ္ဍတွင် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် ပြန်ကြားရေးကိစ္စများ၊ ပြည်သူ့ကောင်စီများနှင့်ပတ်သက်သည့် အရေးကိစ္စများကို လေ့လာရမည်၊

( င ) တရား ဥပဒေရေးရာ ကဏ္ဍတွင် ပြည်သူ့ တရားသူကြီး အဖွဲ့နှင့် ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့များ၏ လုပ်ငန်းများနှင့် ဥပဒေရေးရာ ကိစ္စများကို လေ့လာရမည်၊

( စ ) ပြည်သူ့ လုပ်ငန်း စစ်ဆေးရေးရာ ကဏ္ဍတွင် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းများနှင့် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးရာ ကိစ္စရပ်များကို လေ့လာရမည်။

၃၂။ (က) နိုင်ငံတော် ကောင်စီဝင်များအား ကဏ္ဍအလိုက် တာဝန်ခွဲဝေပေးအပ်ထားသော်လည်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော် ကောင်စီဝင် အသီးသီး၏ တာဝန်များကို ပြောင်းလဲသတ်မှတ်နိုင်သည်၊

( ခ ) နိုင်ငံတော် ကောင်စီဝင်များအား ကဏ္ဍအလိုက် တာဝန်ခွဲဝေပေးအပ်ထားသော်လည်း နိုင်ငံတော် ကောင်စီ၏ လုပ်ဆောင်ချက် ဟူသမျှသည် နိုင်ငံတော် ကောင်စီဝင်များ၏ စုပေါင်း တာဝန်ဖြစ်သည်။

## အခန်း (၇)

## နိုင်ငံတော်ကောင်စီဝင်များ၏ တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ

၃၃။ နိုင်ငံတော် ကောင်စီဝင်များ၏ တာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည်—

(က) အခြေခံ ဥပဒေနှင့်အညီ နိုင်ငံတော်ကောင်စီက တာဝန်ယူ ဆောင်ရွက်ရမည့် တာဝန် ဝတ်တရားများကို စုပေါင်း တာဝန် ယူခြင်း၊

(ခ) ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန် များကို ထမ်းဆောင်ခြင်း၊

(ဂ) နိုင်ငံတော် ကောင်စီ အစည်းအဝေးများကို မပျက်မကွက် တက်ရောက်ရန်၊ မတက်ရောက်နိုင်သည့်အခါ ခွင့်ပန်ရန်၊ ယင်း အစည်းအဝေး များ၌ ဆွေးနွေးမည့် ကိစ္စရပ်များ၊ ချမှတ်မည့် ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ် လေ့လာ၍ ပါဝင် တင် ပြခြင်း၊

(ဃ) မိမိတို့အား တာဝန် ခွဲဝေ ပေးအပ်ထားသည့် ကဏ္ဍအလိုက် စဉ်ဆက်မပြတ်လေ့လာ၍ နိုင်ငံတော်ကောင်စီသို့ တင်ပြခြင်း။

(င) နိုင်ငံတော်ကောင်စီက ပေးအပ်သော အခြား တာဝန် ထမ်းဆောင်ခြင်း။

၃၄။ နိုင်ငံတော် ကောင်စီဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့်စည်းကမ်း များကို လိုက်နာစောင့်ထိန်းရမည်—

(က) နိုင်ငံတဝန်းလုံးနှင့် နိုင်ငံသား အားလုံး၏ အကျိုးစီးပွားကို ဦးတည်၍ ဆောင်ရွက်ရမည်၊

(ခ) မိမိတို့၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်ကောင်စီသို့ အစီရင်ခံရမည်၊

(ဂ) နိုင်ငံတော် ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် အစည်းအဝေး မှတ်တမ်းများကို ထုတ်ပြန် ကြေညာခြင်း မပြုသေး သရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက် ရမည်။

## အခန်း (၈)

## နိုင်ငံတော်ကောင်စီအစည်းအဝေးများ

၃၅။ နိုင်ငံတော်ကောင်စီ၏ ပုံမှန်အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ်ကျင်းပရမည်။

၃၆။ နိုင်ငံတော် ကောင်စီဥက္ကဋ္ဌက ဆုံးဖြတ်လျှင် သော်လည်းကောင်း၊ နိုင်ငံတော်ကောင်စီဝင် အနည်းဆုံး ၉ ဦးက တင်ပြလျှင် သော်လည်းကောင်း နိုင်ငံတော်ကောင်စီ၏ အထူးအစည်းအဝေးကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးက ခေါ်ယူကျင်းပပေးရမည်။

၃၇။ (က) နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးသည် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ သော်လည်းကောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများက မိမိအား တင်ပြချက်ကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌထံမှ သဘောတူညီချက် ရယူပြီး၍ သော်လည်းကောင်း အစည်းအဝေး အစီအစဉ်များကိုရေးဆွဲရမည်၊

(ခ) နိုင်ငံတော် ကောင်စီဝင်များသည် အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းလိုသော ကိစ္စများကို နိုင်ငံတော်ကောင်စီ အတွင်း

ရေးမှူးထံ ကြိုတင်အကြောင်းကြားနိုင်သည်။ ယင်းကိစ္စများကို နိုင်ငံတော်ကောင်စီ-အတွင်းရေးမှူးက နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ရယူပြီးလျှင် အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းပေးရမည်။

၃၇။ (က) ပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို အစည်းအဝေးအစီအစဉ်နှင့် သက်ဆိုင်ရာစာရွက်စာတမ်းများပါ ပူးတွဲ၍ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက နိုင်ငံတော်ကောင်စီဝင်များထံသို့ ကြိုတင်ပေးပို့ရမည်၊

(ခ) အစည်းအဝေးမှတ်တမ်းများကို နိုင်ငံတော်ကောင်စီရုံးမှ လိုအပ်သလို မှတ်တမ်းတင်ထားရမည်။

၃၉။ (က) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်ကောင်စီ အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော် ကောင်စီအတွင်းရေးမှူးသည် အတွင်းရေးမှူး အဖြစ် လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌသည် အစည်းအဝေး မတက်ရောက်နိုင်ပါက နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးသည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည့်အခါတွင် နိုင်ငံတော် ကောင်စီဝင်များသည် မိမိတို့အထဲမှ တဦးဦးကို နိုင်ငံတော်ကောင်စီ အစည်းအဝေးတွင် အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ရန် ရွေးချယ် တာဝန် ပေးအပ်ရမည်၊

(ဂ) နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးသည် အစည်းအဝေးမတက်ရောက်နိုင်ပါက နိုင်ငံတော် ကောင်စီဝင်များသည် မိမိတို့အထဲမှ တဦးဦးကို နိုင်ငံတော်ကောင်စီအစည်းအဝေးတွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရန် ရွေးချယ်တာဝန်ပေးအပ်ရမည်။

၄၀။ (က) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော် ကောင်စီအတွင်းရေးမှူး တဦးဦး အပါအဝင် နိုင်ငံတော် ကောင်စီဝင်

နှစ်ဆယ့်တဦး တက်ရောက်မှ သာလျှင် အစည်းအဝေး အထ မြောက်သည်၊

(ခ) တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းကြောင့် ဖြစ်စေ၊ အခြား အကြောင်းကြောင့် ဖြစ်စေ နိုင်ငံတော် ကောင်စီဝင် နေရာ လစ်လပ်ပေါ်မှု ပုဒ်မခွဲ(က) အရ အစည်းအဝေး အထ မြောက်လျှင် ယင်း အစည်းအဝေး သည် တရားဝင် အတည် ဖြစ်သည်။

၄၁။ (က) နိုင်ငံတော်ကောင်စီအစည်းအဝေး၌ ဆုံးဖြတ်ချက်ချမှတ်ရာတွင် နိုင်ငံတော်ကောင်စီဝင်အားလုံး၏ သဘောတူညီချက်ကို ရရှိနိုင် ရန် ဦးတည်ကြိုးပမ်းရမည်၊

(ခ) နိုင်ငံတော်ကောင်စီ အစည်းအဝေးတွင် ချမှတ်ပြီးသောဆုံးဖြတ် ချက်ကို နိုင်ငံတော် ကောင်စီဝင် အားလုံးကလိုက်နာ ဆောင် ရွက်ရမည်။

၄၂။ (က) နိုင်ငံတော်ကောင်စီ အစည်းအဝေး၏ဆုံးဖြတ်ချက်နှင့် မှတ်တမ်း ကို နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးကလက်မှတ်ရေးထိုး၍ လိုအပ်သလို ဖြန့်ဝေရမည်၊

(ခ) နိုင်ငံတော်ကောင်စီ အစည်းအဝေးမှတ်တမ်းကို နောက်တကြိမ် အစည်းအဝေးတွင် အတည်ပြုချက် ရယူရမည်။

# အခန်း (၉)

## အထွေထွေ

၄၃။ နိုင်ငံတော် ကောင်စီဝင်များသည် မိမိတို့၏ လစာ၊ စရိတ်ကြေးငွေနှင့် အခြား တရားဝင်ခံစားခွင့်များမှအပ အခြား လစာ၊ စရိတ်ကြေးငွေများကို ခံစားခွင့် မရှိစေရ။ မိမိအတွက် အခြားအကျိုးအမြတ်ရရှိသည့် မည်သည့်ရာထူး ဌာနန္တရကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၄၄။ နိုင်ငံတော် ကောင်စီသည် ရန်ကုန်မြို့တော်တွင် ရုံးစိုက်ရမည်။ သို့ရာတွင် နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်အရ အခြားသင့်လျော်သည့် နေရာ၌လည်း စည်းဝေးဆောင်ရွက်နိုင်သည်။

၄၅။ (က) နိုင်ငံတော်ကောင်စီ၏ ရုံးလုပ်ငန်းအဝဝ တို့ကို တာဝန်ယူဆောင်ရွက်ရန် နိုင်ငံတော်ကောင်စီရုံးကို ဖွဲ့စည်းထားရှိရမည်၊

(ခ) နိုင်ငံတော်ကောင်စီရုံး၏ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သီးခြားသတ်မှတ်ပေးရမည်။

၄၆။ နိုင်ငံတော် ကောင်စီသည် လွှတ်တော်ရုံး၊ နိုင်ငံတော် ကောင်စီရုံးနှင့် နိုင်ငံတော်သမ္မတရုံးတို့၏ နှစ်စဉ် ရ သုံးခန့်မှန်းခြေငွေစာရင်းတို့ကို နိုင်ငံတော်၏ ရ သုံးခန့်မှန်းခြေငွေစာရင်း တွင် ထည့်သွင်းနိုင်ရန် အချိန်မီ ပြုစု ဆောင်ရွက်ရမည်။